ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမိန့်အမှတ်   ၁ / ၂၀၂၃

၁၃၈၄ ခုနှစ် ၊ တန်ခူးလပြည့်ကျော်  ၂  ရက်

(၂၀၂၃ ခုနှစ်၊ ဧပြီလ  ၈  ရက်)

## ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် အလေးချိန်နှင့် အရည်အသွေးစိစစ်မည့် ကျွမ်းကျင်အဖွဲ့အစည်းအဖြစ် တာဝန်ပေးအပ်ခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃၁/၂၀၂၂ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်တွင်းရှိ ဆန်စပါးအရည်အသွေး ကောင်းမွန် မှန်ကန်စေရေးအတွက် စမ်းသပ်စစ်ဆေးနိုင်ရန်အလို့ငှာ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်ကို ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် အလေးချိန်နှင့် အရည်အသွေး စစ်ဆေးမည့် ကျွမ်းကျင်အဖွဲ့အစည်းအဖြစ် တာဝန်ပေးအပ်လိုက်သည်။

၂။ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ဝန်ကြီးဌာန ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက် ဆိုသည်မှာ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၀၉ ဖြင့် ဖွဲ့စည်းထားသော မြန်မာကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှု လုပ်ငန်းလီမိတက်ကို ဆိုသည်။

၃။ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် သည် ဆန်နှင့် ဆန်ထွက် ပစ္စည်းများ၏ အလေးချိန်ကိုက်ညီမှု ရှိ မရှိ၊ အရည်အသွေး သတ်မှတ်ချက်ကိုက်ညီမှု ရှိ မရှိနှင့် အရည်အသွေးထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များ ပြည့်စုံစွာ ဆောင်ရွက်မှု ရှိ မရှိ စစ်ဆေးခွင့် ရှိစေရမည်။

၄။ ဆန်နှင့် ဆန်ထွက်ပစ္စည်း ပြည်ပတင်ပို့ရာတွင် သတ်မှတ်ထားသည့် အရည်အသွေးနှင့် အလေးချိန်ကိုက်ညီကြောင်း မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ စစ်ဆေးမှု တွေ့ရှိချက်ရရှိပြီးမှသာ ပြည်ပတင်ပို့မှုကို ဆက်လက်ဆောင်ရွက်ခွင့် ရှိစေရမည်။

၅။ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ဤအမိန့်ပါ တာဝန်ကို ဆောင်ရွက်ရာတွင် -

(က) ပြည်တွင်း၊ ပြည်ပမှ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ ဆန်စပါးကဏ္ဍမှ စီးပွားရေးအသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) စစ်ဆေးမှု အမျိုးအစားအလိုက် ဝန်ကြီးဌာနက အတည်ပြုပေးသည့် စမ်းသပ်စစ်ဆေးခများကို ဖြစ်စေ၊ ဝန်ဆောင်ခကိုဖြစ်စေ ကောက်ခံပိုင်ခွင့်ရှိသည်။

(ဂ) နည်းပညာဆိုင်ရာစံနှုန်းများ၊ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဃ) အများပြည်သူသိရှိစေရန် ထုတ်ပြန်ချက်များကို ဖြစ်စေ၊ ကြေညာချက်များကို ဖြစ်စေ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၆။ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ဆန်နှင့် ဆန်ထွက်ပစ္စည်း၏ အလေးချိန်နှင့် အရည်အသွေးနှင့်စပ်လျဉ်းသည့် စစ်ဆေးမှုတွေ့ရှိချက်ကို -

(က) သက်ဆိုင်ရာ စီးပွားရေးအသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ ကုမ္ပဏီများသို့ ထုတ်ပေးပိုင်ခွင့်ရှိသည်။

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက အကြောင်းကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်သဖြင့် တောင်းခံလာပါက မိတ္တူထုတ်ပေးပိုင်ခွင့်ရှိသည်။

(ဂ) သက်ဆိုင်ရာ စီးပွားရေးအသင်းအဖွဲ့များ၊ အစုအဖွဲ့များ၊ ကုမ္ပဏီများက မိတ္တူထုတ်ပေးရန် တောင်းခံလာပါက သတ်မှတ်ချက်နှင့်အညီ ထုတ်ပေးပိုင်ခွင့်ရှိသည်။

၇။ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက် သည် ဤအမိန့်ပါ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် လုပ်ငန်းအခြေအနေအရပ်ရပ် အစီရင်ခံစာကို သုံးလတစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၈။ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်သည် ဤအမိန့်အရ အပ်နှင်းထားသော တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ထူးခြားသည့်ဖြစ်စဉ်နှင့် ဝန်ကြီးဌာန၏ အဆုံးအဖြတ်ရယူရန် လိုအပ်သော အခြေအနေ ပေါ်ပေါက်ပါက ဝန်ကြီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်။

(ခ) ဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လိုက်နာရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိသည်။

၉။ ဤအမိန့်အရ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်က ထုတ်ပေးသော စစ်ဆေးမှုတွေ့ရှိချက်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်ပါက ယင်းစစ်ဆေးမှုတွေ့ရှိချက်နှင့် သက်ဆိုင်သည့် စီးပွားရေးအသင်းအဖွဲ့၊ အစုအဖွဲ့ သို့မဟုတ် ကုမ္ပဏီတစ်ရပ်ရပ်သည် စစ်ဆေးမှု တွေ့ရှိချက်ကို ထုတ်ပေးသည့်နေ့မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း ခိုင်လုံသော အကြောင်းပြချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။ ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

(ပုံ)

အောင်နိုင်ဦး

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စက- ၁၄ / ၂ - ၃၇ /၂၀၂၃ ( ၃ )

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်<br>ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
(ညီနောင်အသင်းအဖွဲ့များထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)
ဥက္ကဋ္ဌ၊ မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်း

အမိန့်အရ

(signature)
မင်းမင်း
အမြဲတမ်းအတွင်းဝန်